## *“ကျနော်ကတော့ ဇိုမီးပဲ ခံယူပါတယ်။ ချင်းဆိုတာ သူများတွေပေးတဲ့နာမည် ဖြစ်တယ်”*

## *“ဒီရွေးကောက်ပွဲက– စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ ပြုလုပ်တဲ့ရွေးကောက်ပွဲ သာလျှင်ဖြစ်တယ်။ ဘာအပြောင်းအလဲမှမရှိဘူး။ လူပြောင်းရင်ပြောင်းမယ်”*

ဇိုမီးအမျိုးသားကွန်ကရက်ဥက္ကဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် Pu Cin Sian Thang နှင့်တွေ့ဆုံမေးမြန်းခြင်း။




၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင် Zomi National Congress (ZNC) ကို ကိုယ်စားပြုလျက် တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တွင်အနိုင်ရရှိခဲ့သော၊ ZNC ၏ဥက္ကဌအဖြစ်သာမက United Nationalities Alliance (UNA) တွင် သဘာပတိအဖွဲ့ဝင်နှင့် ပြောခွင့်ရပုဂ္ဂိုလ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁) ဦး၏ ထောက်ခံချက်ဖြင့် ဖွဲ့စည်းထားသော Committee Representing People’s Parliament (CRPP)တွင် အဖွဲ့ဝင် ဖြစ်သော၊ တက္ကသိုလ်ကျောင်းသားဘ၀ ၁၉၆၁ ခုနှစ် တောင်ကြီး ညီလာခံမှ စတင်ကာ ယနေ့ထက်တိုင် မြန်မာပြည်နိုင်ငံရေးတွင် အနေအထားအမျိုးမျိုးဖြင့် ပါဝင်ပေးဆပ်နေသော ချင်းအမျိုးသား နိုင်ငံရေးသမားကြီး **Pu Cin Sian Thang** နှင့် **Chin World** တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့ပါတယ်။

ချင်းဝေါလ်။ ။ အန်ကယ်ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းကို သိပါရစေ။

ပူးကျင်ရှန်းထန်။ ။ ကျနော့်မိဘများကတော့ ပူးဆုန်းဟန်နဲ့ ဒေါ်ကျင့်ရှန်းနိမ်တို့ဖြစ်ပါတယ်။ မွေးသက္ကရာဇ်ကတော့ ၀၆ ဧပြီလ ၁၉၃၈ ခုနှစ်ဆိုတော့– အခုဆိုရင် (၇၂) နှစ်တင်းတင်း ပြည့်ပါပြီ။ မွေးရပ်ဇာတိကတော့– အရင်တုန်းကတော့ တီးတိန်မြို့နယ်ထဲမှာပါပြီး အခုတွန်းဇံမြို့နယ်ထဲမှာ ဖြစ်တဲ့ ဇမ်းပီးကျေးရွာမှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း (၆) ယောက်ထဲမှာ တတိတမြောက် ဖြစ်ပါတယ်။

ချင်းဝေါလ်။ ။ အန်ကယ်ရဲ့ ပညာရေးဖြတ်သန်းခဲ့မှုကို သိပါရစေ။

ပူးကျင်ရှန်းထန်။ ။ ဇမ်ပီးကျေးရွာမှာ– (၄) တန်းအထိ အောင်ခဲ့တယ်။ ပြီးတော့ တီးတိန်မှာ– State High School မှာ (၈) တန်းအထိ၊ တီးတိန်ကနေ မန္တလေး တိုင်းချစ်ပုဂ္ဂလိကကျောင်းကနေပြီးတော့ ၁၉၅၈ ခုနှစ်မှာ

(၁၀) တန်းအောင်ခဲ့တယ်။ နောက်– ရန်ကုန်တက္ကသိုလ်မှာ– **B.A (Law)** ဘွဲ့နှင့် **B.A (LLB)** ဘွဲ့ ရရှိခဲ့တယ်။

ချင်းဝေါလ်။ ။၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မကြိုက်တဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲကို အန်ကယ်တို့ပါတီ **Zomi National Congress (ZNC)** အနေနဲ့ မဝင်ဘူးလို့သိရပါတယ်။ ဆိုတော့– အန်ကယ်တို့ ပါတီကို ချင်းပြည်သူလူထုအနေနဲ့ ဘယ်လိုနားလည်မှုမျိုးပေးစေချင်ပါသလဲ။

ပူးကျင်ရှန်းထန်။ ။၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူကိုယ်စားလှယ်တွေရေးဆွဲတဲ့ဖွဲ့စည်းပုံမဟုတ်ပါဘူး။ နအဖ နဲ့ သူ့ကိုယ်စားလှယ်တွေ ရေးဆွဲတဲ့ဖွဲ့စည်းပုံသာလျှင်ဖြစ်ပါတယ်။ နောက်ပြီး ဒီအခြေခံဥပဒေထဲက– ပုဒ်မ (၄၄၁) မှာ– အခုရွေးကောက်ပွဲမှာထွက်လာမယ့် လွှတ်တော်ကိုယ်စားလှယ်တွေဟာ– ဒီအခြေခံ ဥပဒေကို အတည်ပြုဖို့လို့ပါပါတယ်။ ဆိုတော့ ဒီအခြေခံဥပဒေထဲမှာ– ကျနော်တို့လူမျိုးစုတွေအတွက် မပြောနဲ့– ပြည်ထောင်စုမြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထုအတွက် အကာအကွယ်ပေးတဲ့ ဥပဒေမဟုတ် ဘူး။ စစ်အာဏာရှင်သက်ဆိုးရှည်ဖို့ပဲ ရေးထားတာဖြစ်တယ်။ အဲဒါကိုအတည်ပြုပြီးသွားတယ်ဆိုရင် ပိုပြီးတော့ခက်ခဲမယ်။ ကျနော်တို့တင်မကဘဲ နောင်လာနောက်သားများအတွက်လည်း ပိုပြီးခက်ခဲသွား မယ်။ အဲဒါကိုသိရက်နဲ့ အဲဒီအခြေခံဥပဒေရဲ့ ရွေးကောက်ပွဲကို ဝင်တာမကောင်းဘူးလို့ စဉ်းစား ဆုံးဖြတ်ခြင်းဖြစ်တယ်။

ချင်းဝေါလ်။ ။၁၉၉၀ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အတွင်း ဒီမိုကရေစီ ဘက်တော်သားတွေဖက်က ရည်ရွယ်တဲ့ ပန်းတိုင် မရောက်ဘူးလို့ ကောက်ချက်ချမှတ်ရမယ်ထင်ပါတယ်။ ဘာကြောင့် မအောင်မြင်သလဲ ဆိုတဲ့ မေးခွန်း အပေါ် အန်ကယ့်ရဲ့ ယူဆချက်ကို သိပါရစေ။

ပူးကျင်ရှန်းထန်။ ။မအောင်မြင်တာကလေ– ၁၉၉၀ ရွေးကောက်ပွဲလည်းအောင်မြင်တယ်။ ရွေးကောက်ပွဲကော်မရှင်က လည်း တရားမျှတမှုရှိတယ်ပြောတယ်။ အဲဒီအချိန်မှာ အစိုးရလုပ်တဲ့ နဝတကလည်း တရားမျှတမှုရှိ တယ်လို့ပြောတယ်။ နိုင်ငံတကာကလည်း လက်ခံကြတယ်။ ဒါပေမယ့် သူတို့ရေးထားတဲ့ ရွေးကောက်ပွဲ ဥပဒေများအရ လွှတ်တော်ခေါ်မပေးဘူး။ လွှတ်တော်ခေါ်မပေးတဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စား လှယ်တွေက ဘာမှလုပ်ပိုင်ခွင့် မပေးထားတဲ့အတွက် ကျနော်၊ ဒေါက်တာစောမရအောင် (ရခိုင်)၊ နိုင်ထွန်းသိန်း (မွန်) နဲ့ ခွန်ထွန်ဦး (ရှမ်း)– ဒီကျနော်တို့ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် (၄) ယောက်ကနေပြီးတော့ လွှတ်တော်ခေါ်ပေးပါ။ လွှတ်တော်မခေါ်တာက ရာဇဝင်မှာ အမည်းစက်ထင်နေ တယ်ဆိုပြီး ကျနော်တို့စာရေးတယ်။ ရေးပြီးသကာလဘာမှအဖြေမရပါဘူး။ အဲန်အယ်ဒီကလည်း ဟုတ် ပါတယ် ခေါ်ပေးပါဆိုပြီးတော့– စာရေးတယ်။ တင်တယ်။ အဲဒါတွေကိုဂရုမစိုက်ကြဘူး။ တကယ်လို့ များ– လွှတ်တော်မခေါ်ပေးဘူးဆိုရင်– ကျနော်တို့ဘာသာ ခေါ်ပဲ့မယ်။ (၂) လအတွင်းဆိုပြီး အချိန်ပေး ပြီး ရာဇသံပေးတယ်။ ငါတို့ကို ဒီလိုလုပ်ရမလားဆိုပြီး– လွှတ်တော်ကိုယ်စားလှယ်မှန်သမျှကို ထိန်း သိမ်းပြီးရဲမွှန်မှာထားတယ်။ အဲဒါကြောင့် မအောင်မြင်နိုင်တာက ရွေးကောက်ပွဲလုပ်ပေးတဲ့ အာဏာပိုင် ကမလုပ်ပေးတော့ ကိုယ့်ဘာသာလုပ်တော့မယ်ဆိုတဲ့ အချိန်အခါမှာ– ကျနော်တို့ကို အားလုံးသိမ်းကြုံး ဖမ်းဆီးထိန်းသိမ်းပြီး ရဲမွှန်စခန်းမှာထားတယ်။ လေး–ငါးနှစ်ကြာတယ်။ ဒီလိုနဲ့ဒီနေ့အချိန် ရောက်လာ တယ်။ ဆိုတော့– ဒီလိုမအောင်မြင်ရခြင်းက အုပ်ချုပ်နေတဲ့အစိုးရအပေါ်မှာ တာဝန်ရှိတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ချင်းဝေါလ်။ ။၂၀၁၀ ရွေးကောက်ပွဲဟာ ဒီမိုကရေစီလမ်းကြောင်းတခုဖြစ်တယ်လို့ယူဆပြောဆိုကာ ရွေးကောက်ပွဲ ဝင်ဖို့ပြင်နေကြတဲ့ သူတွေ ရှိပါတယ်။ အဲဒီအပေါ်မှာ အန်ကယ့်အနေနဲ့ ဘယ်လိုပြောချင်ပါသလဲ။

www.chinworld.info

ပူးကျင်ရှန်းထန်။ ။ကျနော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်တွေပါ။ ဒါပေမယ့် ကျနော်တို့ဟာ အတိုက်အခံလို့ အခေါ်ခံရပါတယ်။ အမှန်တော့ ဒီမိုကရေစီနိုင်ငံတွေမှာ ရွေးကောက်ပွဲနဲ့ အဆုံးသတ်ရတာ အမှန်ပါပဲ။ ပြည်ထောင်စု မြန်မာနိုင်ငံမှာ လူတွေက ရှေ့ဆက် ဘယ်လိုစခန်းသွားရမလဲဆိုတာကို စာချုပ်လုပ်ရတယ်။ စာချုပ်ဆိုတာ အရပ်သားစကားပါ။ ဥပဒေစကားနဲ့ဆိုရင် အခြေခံဥပဒေလို့ခေါ်ပါတယ်။ အဲဒီအခြေခံဥပဒေကို ပါတီပေါင်းစုံ၊လူမျိုးပေါင်းစုံ၊အဖွဲ့အစည်းပေါင်းစုံကရေးဆွဲရမှာဖြစ်ပါတယ်။အဲဒါကို ပြည်သူကိုယ်စားလှယ်တွေကို ဘေးချိတ်ထားတယ်။ လုံးဝမဟုတ်တဲ့အတွက် ထွက်တဲ့လူလည်း ရှိပါတယ်။ နအဖ ခေါင်းခေါက်ရွေးချယ်ထားတဲ့ လူတွေရေးတဲ့ ဥပဒေ။ ဒီဥပဒေကို သူတို့က နာဂစ်မုန်တိုင်းဖြစ်တဲ့အချိန်မှာ လုပ်တယ်။ အားလုံးတောင် မလုပ်ပဲနဲ့ တပိုင်းတစပဲလုပ်တယ်လို့ ကျနော်တို့ ယူဆပါတယ်။ ၉၂ ရာခိုင်နှုန်းက ထောက်ခံတယ်ဆိုပြီး ကြေငြာတယ်။ အရာရာ တဖက်သတ်ဖြစ်နေတဲ့ ဖွဲ့စည်းပုံကို အတည်ပြုဖို့ရန်အတွက်လုပ်တဲ့ ရွေးကောက်ပွဲဖြစ်နေတယ်။ ပြည်သူအများစုအတွက်မဟုတ်ပဲနဲ့ လူတစုရဲ့ လိုအင်ဆန္ဒကိုပြည့်ဝဖို့ရန်အတွက် လုပ်တာဖြစ်တယ်။ အဲဒါကို အားပေးတဲ့လူတွေက ပြည်သူ့ဆန္ဒကို မကြည့်ပဲနဲ့ သူ့ဟာသူလုပ်တာဖြစ်တယ်။ လက်ရှိအစိုးရလုပ်နေတာကို တရားတယ်၊ မှန်ကန်တယ် မကြည့်ပဲနဲ့ ဖော်လံဖားလုပ်နေတယ်လို့ မြင်ရပါတယ်။ ဒါကြောင့် ဒီအခြေခံဥပဒေမှာ ပြည်သူ့အတွက် ဘာတွေရေးထားသလဲဆိုတာ မသိဘဲနဲ့ ဒီရွေးကောက်ပွဲဟာ ဘယ်လိုသဘောသက်ရောက်တယ်ဆိုတာ ဆန်းစစ်မှု မရှိပဲနဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဦးတော့ တိုင်းပြည်အတွက်၊လူမျိုးအတွက် ဘာအကျိုးလုပ်နိုင်မှာမို့လဲ ဆိုတာကို မကြည့်ပဲနဲ့ လုပ်တယ်လို့ မြင်ပါတယ်။

ချင်းဝေါလ်။ ။ဒီရွေးကောက်ပွဲကနေကော ဘာတွေများအပြောင်းအလဲဖြစ်သွားလာနိုင်မယ်လို့ အန်ကယ်ယုံကြည်ပါသလဲ။ ပြီးတော့ ပြည်သူလူထုအတွက်ကော– အကျိုးအမြတ်ရနိုင်မှုရှိမလား။ ဘာတွေများဖြစ်မလဲ။

ပူးကျင်ရှန်းထန်။ ။ကျနော့်အမြင်ပြောရမယ်ဆိုရင်– ဒီရွေးကောက်ပွဲက– စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ ပြုလုပ်တဲ့ ရွေးကောက်ပွဲ သာလျှင်ဖြစ်တယ်။ ဘာအပြောင်းအလဲမှမရှိဘူး။ လူပြောင်းရင်ပြောင်းမယ်။ မူကတော့ ပြောင်းမှာမဟုတ်ဘူး။ အာဏာရှင်စနစ် ဆက်လက်တည်ရှိမှာ ဖြစ်တယ်။ ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဦးတောင်မှ– ဒီလွှတ်တော်ကိုယ်စားလှယ်က– တိုင်းပြည်အတွက် ဘာမှလုပ်နိုင်မှာမရှိဘူး။ လူမျိုးအတွက်ဘာမှ လုပ်နိုင်မှာလည်း မဟုတ်ဘူး။ ဟိုဘက်ကနေ အပြည့်အဝကိုင်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရင် ရဖို့က– လခပေးရင် လခလောက်ပဲယူနိုင်မယ်။ အဲဒါလေးကို ယူပြီးတော့ ကိုယ့်လူမျိုးကိုယ့်တိုင်းပြည်ကို ထားခဲ့ပြီး ဝင်တာသာလျှင် ဖြစ်ပါတယ်။ တခြားဘာမှ မမျှော်လင့်ပါနဲ့။

ချင်းဝေါလ်။ ။စိတ်ကူးယဉ်ဆန်တဲ့ မေးခွန်းတခုကို မေးပါရစေ။ အချိန်တွေကိုသာ ပြန်နောက်ဆုတ်လို့ရမယ်ဆိုရင် ဗမာပြည်ဒီမိုကရေစီ တော်လှန်ရေးအတွက်– ဘာကို အရင်ဆုံးလုပ်ဖြစ်မယ်လို့ထင်ပါသလဲ။

ပူးကျင်ရှန်းထန်။ ။အခုလည်းဒါကိုလုပ်နေတာပါ။ နောက်ဆုတ်တာလည်း မဟုတ်ပါဘူး။ ဒီမိုကရေစီနည်းလမ်းအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ထောင်မယ်ဆိုလို့ရှိရင်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးက အရေးအကြီးဆုံးဖြစ်ပါတယ်။ ငါတကော ကောနေတဲ့စိတ်ဓါတ်မျိုးတွေ မရှိပဲနဲ့ အားလုံးညီညီညာညာ ပေါင်းစပ်ပြီး တိုင်းပြည်အတွက် လူမျိုးအတွက် လုပ်ကြဖို့က အရေးကြီးတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ပြီးတော့– လူမျိုးပေါင်းစုံညီညီညာညာနေကြနိုင်ဖို့ ဆိုတာက–လူတိုင်းက သူမနာ၊ ကိုယ်မနာစိတ်ဓါတ်ရှိ ပြီးတော့– လူမျိုးကြီးလူမျိုးငယ်တွေ ခွဲခြားမှုစိတ်ဓါတ်မရှိပဲနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ဖို့ အဓိကလုပ်ဖို့လိုပါတယ်။

ချင်းဝေါလ်။ ။အနှစ် (၂၀) ဒီမိုကရေစီခရီးမှာ– ဘာတွေကိုအားရကျေနပ်မှုရှိသလဲ။ ဘာတွေကို မချင့်မရဲနဲ့ယူကျုံးမရဖြစ်မိတာ ရှိပါသလဲ။

ပူးကျင်ရှန်းထန်။ ။ပြည်သူလူထုရဲ့ကြိုးစားမှုနဲ့ထောက်ခံမှုကတော့ကျနော်အားအရဆုံးပါ။ ပါတီတွေကိုအမျိုးမျိုးဦးဆောင်နေတဲ့လူတွေ၊ ခေါင်းဆောင်တွေ၊ အမျိုးမျိုးအနှစ်နာခံတယ်။ အမျိုးမျိုး နှိပ်စက်တာခံတယ်။ ထောင်ချပြစ်လိုက်၊ ထောင်မချရင်လည်း နေရာတကာသွားလို့လာလို့ မရအောင် အမျိုးမျိုးချုပ်ချယ်တယ်။ ဒီလိုချုပ်ချယ်ထားပေမယ့် ကျနော်တို့ကို ထောက်ခံထားတဲ့ ပြည်သူလူထုကတော့ ယနေ့ထက်ထိ မပြတ်ဘူး။ အဲဒါကို အားရပါတယ်။

ဒီလို ကျနော်တို့လုပ်နေပေမယ့်လည်း သွားတဲ့လမ်းက မတူဘူး။ ပြည်သူ့ကို ခေါင်းဆောင်ပြီးတော့နိုင်ငံရေးလုပ်တဲ့သူတွေက– ဘာကို အဓိကထားလဲဆိုတော့– နှလုံးရည်တိုက်ပွဲနဲ့သွားတယ်။ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့သူတွေကတော့ နှလုံးရည်တိုက်ပွဲကို လုံးဝဂရုမစိုက်ပဲနဲ့ လက်ရုံးရည်နဲ့သွားတယ်။ ဖမ်းချင်ဖမ်းတယ်၊ သတ်ချင်သတ်တယ်။ အဲလိုဖြစ်နေတယ်။ ဆုံဆည်းဖို့ရာသိပ်မလွယ်တဲ့ ကိစ္စပဲ။ တိုင်းပြည်နဲ့လူမျိုးကိုချစ်တယ်ပြောပေမယ့်– ဒီလိုမူမျိုးနဲ့သွားတာကတော့ အနာဆုံးပဲလို့ ပြောချင်ပါတယ်။

ချင်းဝေါလ်။ ။အနိုကယ်နဲ့ ZNC အနေနဲ့ Chin ဆိုတဲ့ Identity ကို Zomi ပြောင်းဖို့ ရည်ရွယ်ချက်ရှိပါသလား။

ပူးကျင်ရှန်းထန်။ ။မြန်မာ့အသံမှာ (၁၅) မိနစ် Campaign Speech ပြောဖို့အချိန်ရတုန်းက ဒီအကြောင်းတွေ ပြောခဲ့ပြီးပါပြီ။ အမှန်က ချင်းဆိုတဲ့စကားက– ကျနော်တို့မဟုတ်တဲ့လူတွေက ကျနော်တို့ ကျော်ပေါ်ကထမ်းလာတဲ့ ပလိုင်း တွေကို ကြည့်ပြီး“ဟိုလူတွေ ချင်းတွေ၊ချင်းတွေ” ဆိုပြီး လက်ညှိုးထိုးပြီးရတဲ့ နာမည်လို့အထောက်အထားအများကြီးနဲ့ရာဇဝင်အရအဲလိုသိတယ်။ ကျနော်တို့အဖိုးအဖွားတွေကလည်း စာပေမရှိတော့ တချို့က လိုင်မီးပြောတယ်၊ဇိုမီးပြောတယ်၊ ချိုပြောတယ် အမျိုးမျိုးပြောနေကြတယ်။ ဆိုတော့ ၁၉၅၃ မတ်လ (၁၅) ရက်နေ့ထင်တယ်။ အဲဒီနေ့မှာ ချင်းပြည်နယ်တီးတိန်မြို့နယ် ခေါဆတ်ကျေးရွာမှာ– ပူထွမ်ဟန်းနဲ့ ပူးပေါင်ဆွမ်းတို့ ဘာသာရေးခွေရတုသဘင်ရှိတယ်။ အဲဒီမှာ ကျနော်တို့လူမျိုးကိုကျနော်တို့ Convention လုပ်ရမယ်။အဲဒါကိုနာမည်ဘယ်လိုခေါ်ကြမလဲ။ချင်းခေါ်မလားဆိုပီး အစည်းအဝေးလုပ်ကြတယ်။ အဲဒီမှာချင်းက ကျနော်တို့နာမည်အရင်းမဟုတ်ဘူး။ သူများအခေါ် ခံရတဲ့နာမည်ဖြစ်တယ်။ စာမသိပေမသိဖြစ်တဲ့အတွက်ကြောင့် ငါတို့အကြောင်းကို သူများရေးတဲ့အခါမှာ ချင်းလို့ပြောတယ်။ ငါတို့ကိုယ်တိုင်က ချင်းလို့ရေးတာမရှိသေးပါဘူးဆိုပြီး Rev. Dr. Hre Kio ရဲ့ အဖေ Rev.Sang Feng ဆိုတာက Haka-Zo Khua ကဖြစ်တယ်။ သူကနေပြီးတော့ ဟုတ်တယ်၊ မှန်တယ်၊ ကျနော့် ကျေးရွာတောင်မှာ ဇိုပါတယ်။ ဇိုဖေ၊ ဇိုတုန်းဆိုတာရှိတယ်။ တီးတိန်ဖက်မှာလည်း ဇိုဆိုတာလည်းရှိတယ်။ဇိုမီးဆိုတာလည်းရှိတယ်။ဇိုမပါတဲ့နေရာမရှိသလိုဖြစ်နေတော့ ဇိုမီးလို့ခေါ်ရအောင်ဆိုပြီး သူကအဆိုပြုတယ်။ အဲဒါကို တခါတည်း အများစုက တခဲနက်ထောက်ခံပြီးတော့ Zomi Baptist Convention (ZBC) ဆိုပြီးတော့ သဘောတူညီမှုလုပ်တယ်။ အဲဒီလိုလုပ်တဲ့ဟာကို အဲဒီအစည်းအဝေးလာတဲ့ Burma Baptist Convention က ဒေါက်တာ ဆားဝပ်စ်ကနေပြီးတော့– ဒါချင်းပြည်နယ်၊ ချင်းလူမျိုးများ နာမည်အတွက် ဘုရားသခင်ဆီမှာ အပ်နှံပြီးတော့ ဆုတောင်းပေးတာဇိုမီးနာမည်ပဲရှိတယ်ဆိုပြီး ပြောခဲ့ပါတယ်။ ဒါကတော့ ကြိုက်ရင်လည်းပဲ လက်ခံနိုင်တယ်။ မကြိုက်ရင်လည်းပဲ အများစုသဘော။ ကျနော်တို့ တဦးတည်း၊ တယောက်တည်းကနေပြီးတော့ အတင်းအကျပ်လုပ်လို့မရပါဘူး။ ဒါပေမယ့် ဒီလိုအလားအလာရှိတယ်။ အခုထက်ထိ Zomi Baptist Convention ရှိတယ်။ အဲဒါကြောင့် ကျနော်တို့က ဒီဇိုမီးဆိုတာကို အများကြိုက်တဲ့သဘောဖြစ်မလားဆိုပြီးတော့–

www.chinworld.info

ဒီ နာမည်ကို ရွေးကောက်ပွဲ Campaign Speech မှလည်းတင်ပြထားပြီး လုပ်တာပါ။ ဒါကိုပြည်သူ လူထုအများစုက လက်ခံတယ်ဆိုရင် ချင်းအစား–ဇိုမီးပြောင်းရင်ပြောင်းမယ်၊ ချင်းပြည်နယ် လွှတ်တော် တွေရှိလာပြီး– ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အများစုက– ဒါလုပ်မယ်၊ ဒါကိုလက်ခံတယ်ဆို ပြီး ဆုံးဖြတ်ရင်တော့– ဇိုမီးဖြစ်မယ်။ ဒါမဟုတ်ဘူး။ ဇိုမီးက Zomi Baptist Convention အနေနဲ့ ထားပေမယ့်– ဒါအားလုံးကို မဆိုနိုင်ဘူး။ ကျနော်တို့ကတော့ ဘာပဲဖြစ်ဖြစ်– ကောင်းသည်ဖြစ်စေ–ဆိုး သည်ဖြစ်စေ ချင်းပဲသုံးရမယ်ဆိုရင်လည်း သူတို့သဘော။ ဒါတွေကတော့ တပ်အပ်ဘယ်လိုမှ ပြောလို့ မရပါဘူး။ ဒါပြည်သူ့ကိုယ်စားလှယ်တွေရဲ့သဘောဖြစ်မယ်လို့ပဲ ယူဆပါတယ်။

ချင်းဝေါလ်။ ။ဇိုမီးဆိုတဲ့ Identity က ဘယ်လောက်အထိအရေးပါ ပါသလဲ။

ပူးကျင့်ရှန်းထန်။ ။ဘယ်လောက်အထိအရေးပါသလဲဆိုတာကတော့– ၁၉၅၃ ခုနှစ်ကနေစပြီးတော့– Zomi Baptist Convention ရှိတယ်။ အခုထက်ထိရှိတယ်။ ဒါက Christian နာမည်ပါ။ အမျိုးသားနာမည် မဟုတ် ပါဘူးလို့ပြောချင်တဲ့လူကပြောရင်ပြောမှာပေါ့။ ဒါပေမယ့်တချို့ကတော့ကျနော်တို့လူမျိုးနာမည် အတွက် ဘုရားသခင်ဆီမှာ အပ်နှံထားပြီးလုပ်ထားတာမို့လို့– ဒါပဲသုံးမယ်ဆိုပြီး ဖြစ်ချင်ဖြစ်မယ်လေ။ ဒါကတော့ အခုထက်ထိ Legal လို့မခေါ်နိုင်သေးဘူးလေ။ Legal အနေနဲ့ ကျနော်တို့ အခေါ်ခံနေရတာ ချင်း ဆိုတာမှန်ပါတယ်။ ဒါပေမယ့် ချင်းဆိုတာက ကျနော်တို့ရဲ့ Original မဟုတ်ဘူးဆိုတာ တခုပါပဲ။

ချင်းဝေါလ်။ ။ချင်းလူမျိုးတချို့က သူတို့ကိုယ်သူတို့ ဇိုမီးဖြစ်တယ်၊ ချင်းလူမျိုးမဟုတ်ဘူးလို့ပြောကြပါတယ်။ ဒါဟာ ZNC ရဲ့ Influence ဖြစ်မှုကြောင့်လား။

ပူးကျင့်ရှန်းထန်။ ။ဒီဟာက ZNC က Influence ဖြစ်မှုကြောင့်လို့ မထင်ပါဘူး။ တချို့ ZNC ကို ဂရုမစိုက်တဲ့ လူ တွေကလည်း ခေါ်တာအများကြီးရှိပါတယ်။အစွန်းရောက်တဲ့လူတွေလည်း ရှိရင်ရှိမှာပေါ့။ ကျနော်ပြောခဲ့ တာတွေက ရာဇဝင်သမိုင်းကြောင်းအရပြောတာဖြစ်တယ်။ ၁၉၅၃ ဆိုတာ မနေ့တနေ့ကပါပဲ။ ဘာသာ ရေးအရဆိုရင် ကက်သလစ်တို့ဘာတို့ မပါပေမယ့် အများစုက နှစ်ခြင်းဖြစ်တယ်။ ချင်းတောင်တခု လုံးကို ကိုယ်စားပြုတယ်ဆိုပြီးလုပ်တဲ့ဟာ၊ ဘုရားသခင်တောင် အပ်နှံထားတာဖြစ်တဲ့အတွက် ကျနော် တို့ပါတီ တည်ထောင်တဲ့သူကလုပ်လို့ ဒီဥစ္စာ ပါတီအနေနဲ့ဖြစ်လာတယ်။ သူ့ရဲ့ Policy ကို Carry-on လုပ်တာသာဖြစ်တယ်။ ဒါကတော့ ပေါ်လစီကြီးကြီးကျယ်ကျယ်လို့လည်း မဆိုနိုင်ပါဘူး။

ချင်းဝေါလ်။ ။တီးတိန်နဲ့တွန်းဇံနယ်ကလူတွေက ဇိုမီးပြည်နယ်ဆိုပြီး တည်ထောင်မယ်လို့ပြောကြမယ်ဆိုရင် အဲဒီ အပေါ်မှာ အန်ကယ်ဘာများပြောချင်ပါသလဲ။

ပူးကျင့်ရှန်းထန်။ ။ဒါမျိုးကတော့ ဘယ်သူမှလုပ်မယ်မထင်ပါဘူး။ ချင်းပြည်နယ် မြို့နယ် (၉) မြို့နယ်လုံးပေါင်းလိုက်ရင် တောင်မှ– သေးတယ်ဆိုတော့– အဲဒါကိုခွဲခြားပြီးလုပ်မယ်ဆိုတာ– ကျနော်အယုံအကြည်မရှိပါဘူး။

ချင်းဝေါလ်။ ။အန်ကယ့်အနေနဲ့ ကိုယ့်ကိုယ်ကို ချင်းအနေနဲ့ ခံယူသလား။ ဒါမှမဟုတ် ချင်း/ဇိုမီး ဆိုပြီး နှစ်ခုနဲ့ ခံယူ ပါသလား။ ဘာကြောင့်များပါလဲ။

ပူးကျင့်ရှန်းထန်။ ။ကျနော်ကတော့ ဇိုမီးပဲ ခံယူပါတယ်။ ချင်းဆိုတာ သူများတွေပေးတဲ့နာမည် ဖြစ်တယ်။ ကျနော်တို့ရဲ့ မူရင်းနာမည်မဟုတ်ဘူး။ ကျနော်တို့ဘိုးဘွားတွေ အသုံးပြုတဲ့နာမည်ကိုပဲ ကျနော်လက်ခံပါတယ်။ ဒါကြောင့် ကျနော်ဟာ ချင်းမဟုတ်ဘူး၊ ဇိုမီးပဲဖြစ်တယ်လို့ ခံယူပါတယ်။

www.chinworld.info

ချင်းဝေါလ်။ ။အန်ကယ်ဟာဆိုရင် ၁၉၆၀ တောင်ကြီးညီလာခံကနေ ချင်းနဲ့ဗမာပြည်နိုင်ငံရေးထဲမှာ ပါဝင်ခဲ့တဲ့ ဝါရင့်နိုင်ငံရေး သမားကြီးတဦးဖြစ်ပါတယ်။ မျိုးဆက်သစ်ချင်းလူငယ်များကို အန်ကယ့်အနေနဲ့ဘာများ ပြောချင်ပါသလဲ။

ပူးကျင့်ရှန်းထန်။ ။ကျနော်ပြောချင်တာကတော့– အခုန ကျနော်ပြောတဲ့အထဲမှာလည်း ပါပြီးပါပြီ။ `ပြည်ထောင်စုမြန်မာနိုင်ငံ တည်ထောင်မယ်ဆိုပြီး– ၁၉၄၇ ခုနှစ်ပင်လုံစာချုပ်ကနေပြီး– ပါဝင်လာတာဖြစ်ပါတယ်။ အဲဒီမတိုင်ခင်က အကြောင်းကိုပြောမယ်ဆိုရင်တော့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာ အာဏာ၊ ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်စနစ်နဲ့နေတဲ့ လူမျိုးဖြစ်တယ်။ အဲဒီအချိန်မှာ– ပြည်ထောင်စု တည်ထောင်ဖို့ ဆိုပြီးလုပ်ကြတာ ဖြစ်တယ်။ပြည်ထောင်စုတည်ထောင်မယ်ဆိုတော့ အင်္ဂလိပ်တွေက မယုံကြည်လို့လား၊ ဒါမှမဟုတ် သေချာသိချင်လို့လားမသိ– မေမြို့ စုံစမ်းရေးကော်မရှင်တွေ လုပ်တယ်။ အဲဒီအခါမှာ ပင်လုံစာချုပ်တုန်းကမပါတဲ့– တောင်ပိုင်းဖက်က ဝန်ကြီး ဦးဝန်းသူးမောင်းတို့ ပါလာတယ်။ ဘယ်လိုနည်းနဲ့ပူးပေါင်းမလဲဆိုတော့– In the Form of Federation ဆိုပြီး ဖက်ဒရယ်မူနဲ့ သူများနိုင်ငံမှာလို ပူးပေါင်းမယ်ဆိုပြီး ပါဝင်လာတာဖြစ်တယ်။ အဲဒါနဲ့စာချုပ်တွေ ဘာတွေလုပ်တယ်။ ကျနော်တို့ကတော့ ရိုးရိုးသားသားနဲ့ ဘာမှမပြောဘူး။ ရှမ်းကတော့ (၁၀) နှစ်ကြာရင် ခွဲထွက်လိုက ခွဲထွက်မယ်ဆိုပြီး စာချုပ်ထဲမှာတောင်းတယ်။ ဒါနဲ့ ပြည်ထောင်စုလုပ်လာတာဖြစ်တယ်။

နောက်ပိုင်းမှာ– ဗိုလ်ချုပ်ကြီးနေဝင်းက တောင်တန်းသားတွေက ခွဲထွက်တယ်၊ တိုင်းပြည်ကို ချောက်ထဲကျမယ့် အချိန်ကာလနဲနဲလေးလိုတဲ့အချိန်မှာ– တပ်မတော်က ကယ်ဆယ်တာပါဆိုပြီး အာဏာသိမ်းကြေငြာတယ်။ ဒါလုံးဝမဟုတ်ပါဘူး။ အဲလိုအယူအဆ လုံးဝမရှိပဲနဲ့ ပူးပေါင်းချင်လို့ နဂိုမူကို မမှန်ဘူး။

တောင်ကြီးညီလာခံရဲ့အဓိကက– ဝန်ကြီးချုပ်ဦးနုက ရွေးကောက်ပွဲမှာ ဘာ Campaign Speech နဲ့ သွားလဲဆိုတော့– ငါ့ကိုရွေးမယ်ဆိုရင် ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာဖြစ်အောင်လုပ်မယ်ဆိုပြီး ကတိလုပ်ထားတယ်။ တကယ်ကိုပဲ သူ့ပါတီနိုင်သွားတယ်။ သူ့ကတိအတိုင်း နိုင်ငံတော်ဘာသာနဲ့ ပတ်သက်လို့ အခြေခံဥပဒေထဲမှာ ရေးမထားဘူး။ ဒီအခြေခံဥပဒေပြင်ဖို့လိုတယ်။ ဗုဒ္ဓဘာသာက နိုင်ငံတော်ဘာသာဖြစ်တယ်ဆိုတာကို ထည့်သွင်းဖို့လိုတဲ့အခါမှာ– နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်တယ်၊ လုပ်တယ်။ ကျနော်တို့ ဘယ်တတ်နိုင်မလဲ။ ထိုနည်းငှင်းပဲ တောင်တန်းသားကလည်း အခြေခံဥပဒေအရ– ကိုယ့်ဝန်ကြီးကို ကိုယ်ရွေးချယ်နိုင်ဖို့၊ ပြင်စရာရှိတာပြင်ဖို့ဆိုပြီးလုပ်တာဖြစ်တယ်။

ငါတို့က ဖက်ဒရယ်မူဆိုလို့ရှိရင် ချင်းပြည်နယ်ဝန်ကြီးကို ရွေးတဲ့အခါမှာ– ချင်းပြည်နယ်ကိုယ်စားလှယ်– အဲဒီတုန်းက (၁၄) ယောက်ရှိတယ်။ ဒီ (၁၄) အများဆုံးကြိုက်တာ ဝန်ကြီးဖြစ်ရမယ်။ ကချင်နဲ့ ရှမ်းလည်း အလားတူပဲဖြစ်တယ်။ အဲဒါကိုလုပ်တဲ့အခါမှာ– နိုင်ငံတော်ဝန်ကြီးချုပ်လုပ်နေတဲ့– ဦးနုက ချယ်လှယ်ပြီး၊ အများသဘောတူမဟုတ်ပဲနဲ့ သူစိတ်ကြိုက်၊ သူကြိုက်ရာကိုလျှောက်ပြီး ခန့်နေတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း သူ့အကြိုက်လုပ်တဲ့အချိန်မှာ– ပြည်နယ်သားတွေကလည်း ကျနော်တို့ရဲ့ ပြဿနာဖြစ်နေတဲ့အရာကို လွှတ်တော်မှာ အတူတင်နိုင်ဖို့၊ ရောက်ဖို့ဆိုပြီး– ၁၉၆၁၊ ဇွန်လ တောင်ကြီး ညီလာခံမှာ ဆွေးနွေးခဲ့ကြတာဖြစ်တယ်။ ဒါကို ဗိုလ်ချုပ်နေဝင်းက အကြောင်းပြပြီး အာဏာသိမ်းတာ ဖြစ်တယ်။

နောက်လာနောက်သားတွေကို မှာချင်တာက– ကျနော်တို့က ရိုးရိုးသားသားတွေပါ။ ပြည်ထောင်စုကို လိုချင်တယ်။ ၁၉၄၈ ခုနှစ်မှာ– ကျနော်တို့ဘာသာ ကျနော်တို့ တိုင်းပြည်ဖြစ်တာကို ထားခဲ့ပြီးတော့ ပြည်ထောင်စုဖြစ်ရအောင်ဆိုပြီး– ပါဝင်လာတဲ့သူတွေဖြစ်တယ်။ အခု ကချင်တွေလောလောဆယ်ပြော နေကြတာက နယ်ခြားစောင့်တပ်တွေဘာတွေလုပ်မနေပါနဲ့။ ပင်လုံစာချုပ်မှာလုပ်တဲ့အတိုင်း– အားလုံး

www.chinworld.info

မှန်မှန်ကန်ကန်ဆက်ပြီးတော့ ပူးပေါင်းမယ်။ လုပ်ကိုင်ကြမယ်၊ ခွဲခြားမှုမရှိဘူးဆိုရင် ဒီလက်နက်တွေ မလိုပါဘူး။ အားလုံးအပ်မယ် ဆိုတာ တကယ့်ကိုအမှန်ပါပဲ။ ကျနော်တို့ တောင်တန်းသားတွေက ဒီလို စိတ်ထားမျိုးရှိတယ်ဆိုတာ အားလုံးကိုသိစေလိုတယ်။

ချင်းဝေါလ်။ ။ချင်းလူမျိုးများအတွက် ရှေ့ဆက်ခရီးမှာ ဘာတွေလုပ်ဖို့ စဉ်းစားထားပါသလဲ။

ပူးကျင်ရှန်းထန်။ ။ကျနော်တို့တိုင်းပြည်က အခုနက ကျနော်ပြောသလိုဖြစ်နေပါတယ်။ အစတုန်းတော့ ကျနော်တို့ ပြည်ထောင်စုဖွဲ့စည်းဖို့ဖြစ်တယ်။ ပြည်ထောင်စုဆိုတာ အခေါ်အဝေါ်အမျိုးမျိုးရှိကောင်းရှိပေမယ့်– ဆိုလိုရင်းကတော့ ဟိုတုန်းက ကိုယ့်မင်းကိုယ့်ချင်းနဲ့ အုပ်ချုပ်နေတဲ့ တိုင်းပြည်တွေစုပေါင်းပြီး နိုင်ငံတနိုင်ငံ ဖြစ်အောင်လုပ်တာပါ။ တည်ထောင်တာပါ။ အဲဒါကို ဖက်ဒရယ်ခေါ်တယ်။ ကျနော်တို့လိုချင်တာကို ဆုံးခန်းတိုင်မရောက်သေးပါဘူး။ လမ်းခုလတ်မှာပြတ်နေတယ်။ ရည်ရွယ်ထားတဲ့အတိုင်းမရောက်ဘူး။ အခုဆိုရင် ဗမာနဲ့တိုင်းရင်းသားတွေ အမြင်တူလာတွေ အများကြီးရှိလာပါပြီ။ ဒီဟာတွေကို ဆုံးခန်းတိုင်ဖြစ်အောင် လုပ်ဖို့ရည်ရွယ်ပါတယ်။ အဲဒီအတွက်လည်း ကြိုးစားနေတယ်ဆိုတာ ကျနော်ပြောချင်ပါတယ်။

ချင်းဝေါလ်။ ။ချင်းပြည်သူများကို ဘာများ မှာကြားပြောကြားချင်ပါသလဲ။

ပူးကျင်ရှန်းထန်။ ။ကျနော်ပြောချင်တာက နိုင်ငံရေးမှာခြေစုံပစ်ဝင်တယ်ဆိုတာတကယ့်ကိုပဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ကိုယ့်မိသားစုကိုထားခဲ့ပြီး တနည်းအားဖြင့် အစစအရာရာစွန့်လွှတ်ပြီး လုပ်ရတာဖြစ်တယ်။ တိုင်းပြည်အတွက်၊ ကိုယ့်လူမျိုးအတွက် မကောင်းတာတွေသိရက်သားနဲ့ လုပ်မယ်၊ဝင်မယ်ဆိုရင်တော့ နိုင်ငံရေးလို့ခေါ်ရမှာတောင် အားနာစရာကြီးဖြစ်တယ်။ နိုင်ငံရေးသမားလို့ အခေါ်ခံရမှာတောင် အားနာစရာကြီးဖြစ်တယ်။ တကယ်တော့– အဲဒီလိုခံယူချက်မရှိပဲနဲ့ နိုင်ငံရေးထဲမှာ ဝင်မယ်ဆိုလို့ရှိရင်လည်း မသင့်တော်တဲ့ နိုင်ငံရေးသမားဖြစ်မယ်ဆိုတာ– ကိုယ့်ဘာသာကိုယ် စဉ်းစားကြဖို့လိုပါလိမ့်မယ်။ အိန္ဒိယနိုင်ငံက မဟတ္တမဂန္ဒီတို့၊ ကျနော်တို့နိုင်ငံက ဗိုလ်ချုပ်အောင်ဆန်းတို့ကိုကြည့်ပါ။ သူတို့အတွက် ဘာမှမရှိဘူး။ သူ့အမွေဆက်ခံတဲ့သမီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း ယနေ့ထက်ထိ ခံနေတာနော်။ သူတို့အတွက် ဘာမှစံစရာမရှိဘူး။ ဒါတွေဟာ နိုင်ငံရေးအစစ်ပဲ။ နိုင်ငံရေးအမှန်ပါ။ ကျနော်တို့ တိုင်းပြည်နဲ့လူမျိုးအတွက် မကောင်းမှန်းသိရက်သားနဲ့၊ ဒီအခြေခံဥပဒေကို သေချာမကြည့်ပဲနဲ့ ရွေးကောက် ပွဲဝင်ဖို့ တကဲကဲပြင်ဆင်နေတာလည်း– ကိုယ့်ကိုယ်ကို စဉ်းစားကြဖို့လိုတယ်ဆိုတဲ့ အချက်ကို မှာကြားပါရစေ။

ချင်းဝေါလ်။ ။ အခုလိုမျိုး နေသိပ်မကောင်းတဲ့ကြားကနေ ချင်းဝေါလ်ကို အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ် အန်ကယ်။

**************************

www.chinworld.info